


အတွဲ ၂၊ အမှတ် ၂ | လတန်ဆောင်စာစောင် | အောက်တိုဘာလ ၂၀၁၂

*"လူတိုင်း သက်ရှည် ကျန်းမာဖို့ သုတေသနဖြင့် အကျိုးပြုစို့"*

## မြန်မာနိုင်ငံတွင် ဇီဝဆေးသိပ္ပံဆိုင်ရာကျင့်ဝတ်များ တိုးတက်မြှင့်တင်ခြင်းအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း

၂၀၁၂ ခုနှစ် စက်တင်ဘာ လ ၁၇ ရက်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော **"မြန်မာနိုင်ငံတွင် ဇီဝဆေးသိပ္ပံဆိုင်ရာကျင့်ဝတ်များ တိုးတက်မြှင့်တင်ခြင်း"** အလုပ်ရုံဆွေးနွေးပွဲ (Workshop on Promotion of Bioethics in Myanmar) ကို ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။









အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ ဆေးတက္ကသိုလ်များနှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ပညာရှင်များ၊ အမေရိကန်နိုင်ငံ University of Maryland နှင့် Johns Hopkin University တို့မှ ပညာရှင်သုံးဦးတို့က ဦးဆောင်ဆွေးနွေးကြပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ သင်တန်းသား (၆၀)ဦးနှင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ လေ့လာသူ(၁၃)ဦး တက်ရောက်ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလ ၁၉ ရက်နေ့အထိ (၃) ရက်တိုင်တိုင်ကျင်းပပြုလုပ်ခဲ့ပါသည်။

## (၄၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဦးစီးကော်မတီ (ပထမအကြိမ်) အစည်းအဝေးကျင်းပခြင်း

ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ (၄၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဦးစီးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၂ ခုနှစ် စက်တင်ဘာ လ ၂ ရက်နေ့ တွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများ၊ ဆေးတက္ကသိုလ်များနှင့် ဆေးရုံကြီးများမှ ဖိတ်ကြားထားသောကော်မတီဝင်များ တက်ရောက်ကြသည်။






အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ညီလာခံကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဒေါက်တာရဲထွဋ်မှ ညီလာခံကျင်းပရေး လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်လာသူများက ညီလာခံနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်ကို ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားလမ်းညွှန်ခဲ့ပါသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် အစည်းအဝေးတက်ရောက်လာသူများက အမှတ်တရစုပေါင်း ဓါတ်ပုံ ရိုက်ကူး၍ အစည်းအဝေးကို ၉း ၁၅နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် တွေ့ဆုံပွဲအခမ်းအနား ကျင်းပခြင်း

ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဆေးသုတေသနပညာရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ၂၀၁၂ ခုနှစ် အောက်တိုဘာ လ ၁၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် တက်ရောက်၍ နှုတ်ခွန်းဆက် အမှာစကားပြောကြားပါသည်။ အဆိုပါ အခမ်းအနားသို့ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ ဌာနခွဲမှူးများ၊ သုတေသနယူနစ်ခေါင်းဆောင်များ တက်ရောက်ကြပါသည်။






အခမ်းအနားတွင်ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်မှ ဆေးသုတေသနဦးစီးဌာနသမိုင်းကြောင်းနှင့်ဖွဲ့စည်းပုံကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်မှ အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၁-၁၆)ကျန်းမာရေး သုတေသနစီမံချက်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး(သုတေသန)ဒေါက်တာစန်းရွှေမှလူမှုဆေးသုတေသနလုပ်ငန်း များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး(သုတေသန)ဒေါက်တာခင်စောအေးမှ လက်တွေ့ဆေးသုတေသနလုပ်ငန်းနှင့်သွေး သုသေတနလုပ်ငန်းများကိုလည်းကောင်း၊ညွှန်ကြားရေးမှူး(သုတေသန)ဒေါက်တာဝင်းအောင်မှကာကွယ်ဆေးသုတေသန






လုပ်ငန်းများနှင့် ဆေးသုတေသနဦးစီးဌာနမှထုတ်ဝေသည့်ဂျာနယ်၊ စာစောင်နှင့်သတင်းလွှာများ အကြောင်းကို လည်းကောင်း၊ ညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာလှိုင်မြတ်သူမှ ဇီဝဆေးပညာသုတေသနလုပ်ငန်းများ၊ ညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာမြတ်ဘုန်းကျော်မှ အဆိပ်သုတေသနလုပ်ငန်းနှင့် ငှက်ဖျားရောဂါသုတေသန လုပ်ငန်းများအကြောင်း ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး(စီမံ) ဒေါက်တာရဲတင့်လွင်မှ စီမံခန့်ခွဲရေး၊ ပစ္စည်းဝယ်ယူရေး နှင့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားမှုများကို အသီးသီးရှင်းလင်း တင်ပြကြပါသည်။ ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ်မှ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုတင်ပြရာ ဒုတိယဝန်ကြီးမှ လိုအပ်သည်များကို လမ်းညွှန်မှာကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။ အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် ဆေးသုတေသနဦးစီးဌာန၏ နှစ် ၅၀အတွင်း သုတေသနပြုလုပ်တွေ့ရှိချက်များပြခန်းကို ကြည့်ရှုပြီး သိလို သည်များကို မေးမြန်းဆွေးနွေးခဲ့ပါသည်။









## Myanmar Health Sciences Research Journal အယ်ဒီတာအဖွဲ့ အစည်းအဝေးကျင်းပခြင်း

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မှ ထုတ်ဝေလျက်ရှိသော Myanmar Health Sciences Research Journal ၏အယ်ဒီတာအဖွဲ့ အစည်းအဝေးကို ၂၀၁၂ ခုနှစ် ဩဂုတ် လ ၁၆ ရက် မွန်းလွဲ ၁:၃၀နာရီတွင် ဇီဝဆေးပညာ သုတေသန အစည်းအဝေးခန်းမတွင် ကျင်းပရာ ဆေးသုတေသနဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် (Editor-in-Chief) ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (Editor) ဒေါက်တာရဲထွဋ်နှင့် ဖိတ်ကြားထားသော ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ညွှန်ကြားရေးမှူးများနှင့် အယ်ဒီတာအဖွဲ့ဝင်များ တက်ရောက် ကြပါသည်။





အဆိုပါ အစည်းအဝေးတွင် သုတေသနမှူး (Associate Editor) ဒေါက်တာနီသက်ဦးမှ အခမ်းအနားအစီအစဉ်များကို ဖတ်ကြားပြီး ခေတ္တညွှန်ကြားရေးမှူးချုပ် (Editor-in-Chief) ဒေါက်တာမျိုးခင်မှ အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် ညွှန်ကြားရေးမှူး(သုတေသန) (Editorial Manager) ဒေါက်တာဝင်းအောင် မှ ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း MHSR Journal များ ထုတ်ဝေနိုင်ခဲ့မှု၊ စာမူလက်ခံရရှိမှု နှင့် Reviewer များထံ ပေးပို့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပါသည်။ ထို့နောက် အငြိမ်းစားယူသွားသည့် အဖွဲ့ဝင်များနေရာတွင် အသစ်ဖြည့်ဆည်းမည့်ပညာရှင်များ အမည်စာရင်းကို တင်ပြပြီး ၂၀၁၂-၂၀၁၃ အယ်ဒီတာအဖွဲ့ မှ အတည်ပြုကြပါသည်။

ဆက်လက်၍ MHSR Journal Vol. 24, No.2 မှ စတင်ထည့်သွင်းဖော်ပြရန် လျာထားသော Aims နှင့် Editorial (Draft) များကို အယ်ဒီတာအဖွဲ့ဝင်များမှ ဆွေးနွေးအတည်ပြုပြီး ဂျာနယ်အတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြပါသည်။ ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ်မှ နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို မွန်းလွဲ ၂:၁၅နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

## ဓာတ်ခွဲခန်းသုံးပစ္စည်းများ လွှဲပြောင်းလက်ခံပွဲ အခမ်းအနားကျင်းပခြင်း

၂၀၁၂ ခုနှစ် အောက်တိုဘာ လ ၃ ရက် မွန်းလွဲ ၂:၀၀ နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ၌ JICA Follow-up Cooperation အထောက်အပံ့ဖြင့် ရရှိသောဓာတ်ခွဲခန်းသုံးပစ္စည်းများ လွှဲပြောင်းလက်ခံပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်မှ ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားပြု တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင်JICA ဌာနေကိုယ်စားလှယ် Mr. Masahiko Tanaka မှလှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြား၍ လှူဒါန်းသော အမေရိကန်ဒေါ်လာတစ်သိန်းခန့်တန် အဆင့်မြင့် ဓာတ်ခွဲခန်းသုံး ကိရိယာပစ္စည်း (၃) မျိုးနှင့် သက်ဆိုင်သော အချက်အလက် စာရွက်စာတမ်းများကို ပေးအပ်ခဲ့ရာ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်က လက်ခံရယူပြီး ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြု၍ ကျေးဇူး တင်စကားပြောကြားပါသည်။

ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်မှ JICA ဌာနေကိုယ်စားလှယ် Mr. Masahiko Tanaka အား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးအဖွဲ့ဝင်များ၊ သုတေသီများ၊ JICA မှ တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားကို မွန်းလွဲ ၂:၃၀နာရီ တွင် အောင်မြင်စွာရုပ်သိမ်းလိုက်ပါသည်။






## HIV ကာကွယ်ခြင်းဆိုင်ရာ မြို့နယ်အဆင့် လူထုအခြေပြု ဆောင်ရွက်ချက်များကို လေ့လာခြင်း သုတေသနတွေ့ရှိချက်များ တင်ပြဆွေးနွေးပွဲကျင်းပခြင်း

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) နှင့် ကျန်းမာရေးဦးစီးဌာန၊ အမျိုးသား ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်တို့ပူးပေါင်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ထောက်ပံ့ကူညီမှုဖြင့် မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများ၏ HIV ကာကွယ်ခြင်းဆိုင်ရာ မြို့နယ်အဆင့် လူထုအခြေပြုဆောင်ရွက်ချက်များ လေ့လာခြင်း သုတေသနတွေ့ရှိချက်များတင်ပြဆွေးနွေးပွဲအခမ်းအနားကို ၂၀၁၂ ခုနှစ် စက်တင်ဘာ လ ၃ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) လူမှုဆေးပညာသုတေသနခန်းမတွင်ကျင်းပခဲ့ပါသည်။







အဆိုပါအခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါက်တာ စန်းရွှေ နှင့် အမျိုးသား ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒေါက်တာခင်ဥမ္မာစံတို့က သဘာပတိ အဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားပါသည်။

ထို့နောက် အမျိုးသား ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှအထူးကုဆရာဝန်ကြီး (ရန်ကုန်တိုင်း ဒေသကြီး) ဒေါက်တာမျိုးသန့်က သုတေသန၏နိဒါန်းနှင့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ သုတေသနမှူး ဒေါက်တာစောစောမှ သုတေသနလုပ်ဆောင်ပုံနည်းစနစ်၊ သုတေသနတွေ့ရှိ ချက်များ၊ ကျန်းမာရေးအသိပညာပေးခြင်း သုတေသန၏ အားသာချက်၊ အားနည်းချက်နှင့် အကြံပြုချက်များ၊ သုတေသန တွေ့ရှိချက်အပေါ် အခြေခံသည့် သုံးသပ်တင်ပြချက်များကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ လဲ့လဲ့ဝင်း က HIV/AIDS လူနာများ၏ ဆေးကုသမှုခံယူသည့် ပုံစံကိုလည်းကောင်း၊ ဒေါက်တာမျိုးမျိုးမွန်က မိမိဆန္ဒ အလျောက် နှစ်သိမ့်ဆွေးနွေးမှုခံယူခြင်း၊ လျှို့ဝှက်စွာသွေးစစ်ဆေးခြင်းနှင့် ART စောင့်ရှောက်မှုပေးခြင်းတို့ကို အသီးသီး တင်ပြခဲ့ ကြရာ တက်ရောက်လာသူများမှ စိတ်ပါဝင်စားစွာဖြင့် မေးမြန်းဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ဒေါက်တာစန်းရွှေမှ နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ညနေ၃:၀၀နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

## ဓာတ်ခွဲခန်းဆိုင်ရာ အဆင့်မြင့် စက်ကိရိယာပစ္စည်းများ နှင့်ပတ်သက်၍ သင်တန်းပို့ချခြင်း

၂၀၁၂ ခုနှစ် စက်တင်ဘာ လ ၃ ရက် နံနက် ၉:၄၅ နာရီတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) Auditorium ခန်းမ၌ ဓာတ်ခွဲခန်းဆိုင်ရာ အဆင့်မြင့် စက်ကိရိယာပစ္စည်းများနှင့် ပတ်သက်၍ သင်တန်းပို့ချခြင်းဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ် တက်ရောက်၍ အမှာစကားပြောကြားပါသည်။ အဆိုပါ အခမ်း အနားသို့ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနခွဲမှူးများ၊ သုတေသီပညာရှင်များနှင့် သင်တန်းသား (၄၂) ဦးတို့တက်ရောက်ခဲ့ကြပါသည်။








“ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဝန်ထမ်းများနှင့်အငြိမ်းစားဝန်ထမ်းများအတွက်သာ”

အထက်ပါ ဓာတ်ခွဲခန်းဆိုင်ရာအဆင့်မြင့် စက်ကိရိယာပစ္စည်းများနှင့် ပတ်သက်၍ သင်တန်းပို့ချခြင်းကို ၃-၉-၂၀၁၂ မှ ၇-၉-၂၀၁၂ထိ (၅) ရက်တိုင်တိုင် စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ပါသည်။ သင်တန်းဆင်းပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်မှ အမှာစကားပြောကြားပြီး သက်ဆိုင်ရာညွှန်ကြားရေးမှူးများက သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ခဲ့ပါသည်။

## ကျန်းမာရေးသုတေသနနည်းပညာသင်တန်း (၂၀၁၂) ဖွင့်လှစ်ခြင်း

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျန်းမာရေးသုတေသနနည်းပညာသင်တန်း(၂၀၁၂) (Research Methodology and Bio-ethics 2012) ဖွင့်ပွဲ အခမ်းအနားကို ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂ ရက် တနင်္လာနေ့ နံနက် ၈:၃၀နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက် Auditorium ခန်းမတွင် ကျင်းပရာ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာသန်းချို၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေစိုးမောင်၊ ဆေးဝါးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမာလာမြင့် နှင့် ဖိတ်ကြားထားသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ဆေးတက္ကသိုလ်များမှ သင်တန်းသား/သင်တန်းသူ (၄၉)ဦးတို့ တက်ရောက်ကြပါသည်။ အဆိုပါ အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်မှ အဖွင့်အမှာစကားပြောကြားပြီး နံနက် ၈း၄၀ နာရီတွင် အခမ်းအနားကို ရုပ်သိမ်းပါသည်။ သင်တန်း ကာလမှာ အောက်တိုဘာလ ၂ ရက် (အင်္ဂါနေ့) မှ ၄ ရက် (ကြာသပတေးနေ့)ထိ ဖြစ်ပါသည်။

ထို့နောက် ပထမနေ့သင်တန်း စတင်ပို့ချရာ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာစန်းရွှေမှ What is Research? ၊ ဒေါက်တာစောစောမှ Problem Identification, Analysis & Statement၊ ဒေါက်တာဥမ္မာ မှ Literature Search နှင့် Demonstration of Electronic Search၊ ဒေါက်တာယဉ်သက်နှင်းမှ Bioethics in Medical Research တို့ကို အသီးသီး ဟောပြောပို့ချကြပါသည်။ ထို့နောက် သင်တန်းသား/ သင်တန်းသူများအား အုပ်စု၄စုခွဲ၍ အုပ်စုလိုက် ဆွေးနွေးစေပါသည်။










ပထမနေ့၏နေ့လည်ပိုင်းသင်တန်းတွင် ဒေါက်တာသောင်းလှမှ Formulation of Objectives and Hypothesis၊ ဒေါက်တာဥမ္မာမှ Variables တို့ကို ဆက်လက်သင်ကြားပို့ချပြီး သင်တန်းသားများမှ အုပ်စုအလိုက် Group work များ ဆောင်ရွက်ပါသည်။







ဒုတိယနေ့သင်တန်းတွင် ဒေါက်တာကိုကိုဇော်မှ Study Design၊ ဒေါက်တာခင်သက်ဝေမှ Reliability and Validity၊ ဒေါက်တာမျိုးမျိုးမွန်မှ Data Collection Method၊ ဒေါက်တာခင်ချစ်မှ Writing informed consent form၊ ဒေါက်တာလဲ့လဲ့ဝင်းမှ Sampling and Sample Size၊ ဒေါက်တာ ကျော်ဦးမှ Data Management & Plan for Analysis၊ ဒေါက်တာတင်ဦးမှ Data Presentation တို့ကို သင်ကြားပို့ချကြပြီး သင်တန်းသားများမှ Group work များ ဆောင်ရွက်ကြပါသည်။







သင်တန်းနောက်ဆုံးနေ့တွင် ဒေါက်တာကျော်ဦးမှ Statistical Methods၊ ဒေါက်တာ သိင်္ဂီသွင်မှ Preparation of Protocol ၊ ဒေါက်တာဝါဝါအောင်မှ Preparation of Thesis တို့ကို သင်ကြားပို့ချပြီး မွန်းလွဲပိုင်း Plenary Session တွင် သက်ဆိုင်ရာအုပ်စုလိုက် ရေးသားပြုစုထားသည့် သုတေသနအဆိုပြုလွှာများကို သင်တန်းသားကိုယ်စားလှယ်များမှ တင်ပြပြီး ဝိုင်းဝန်းဆွေးနွေးအကြံပြုကြပါသည်။
















ထို့နောက် သင်တန်းဆင်းပွဲကို ညနေ ၃:၃၀နာရီတွင်ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်မှ အမှာစကားပြောကြားပြီး အခမ်းအနားကို ညနေ၄:၀၀နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

## နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း

### "KOICA မှစီမံကိန်းကြီးကြပ်မှုကျွမ်းကျင်ပညာရှင်အဖွဲ့နှင့်တွေ့ဆုံခြင်း"

၂၀၁၂ ခုနှစ် ဇူလိုင်လ ၃၀ရက်မွန်းလွဲ ၂:၀၀နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာ စာကြည့်တိုက်ရှိအစည်းအဝေးခန်းမတွင် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်သည် KOICAမှ စီမံကိန်း ကြီးကြပ်မှုကျွမ်းကျင်ပညာရှင် Dr. Sun Dae Song ဦးဆောင်သောအဖွဲ့အားလက်ခံတွေ့ဆုံခဲ့ပါသည်။






တွေ့ဆုံပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွဋ်၊ သက်ဆိုင်ရာညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြ၍ စီမံကိန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

## “Gynuity Health Project, USA မှ ပညာရှင်များနှင့်တွေ့ဆုံခြင်း”

၂၀၁၂ခုနှစ် ဇူလိုင်လ ၃၀ရက် တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့အခြေစိုက် Gynuity Health Project မှ Director Ms. Jennifer Blum နှင့် Program Research Coordinator Ms. Laura Frye တို့သည် မြန်မာနိုင်ငံ မွေးဖွားမိခင် သေဆုံးမှု လျော့ချရေးကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် မီးတွင်းသွေးသွန်ခြင်းဖြစ်ပွားမှုနှုန်း (Post-partum haemorrhage) လျော့နည်းပပျောက်စေရေးအတွက် Misoprostol အသုံးပြုခြင်းဆိုင်ရာ နည်းပညာနှင့် သုတေသန

   

လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဦးတည်ချက်ဖြင့် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြား ရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ကျန်းမာရေးဦးစီးဌာန မိခင်ကလေးဌာနစိတ်မှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးသိပ္ပံပညာဦးစီးဌာန သားဖွားမီးယပ်ရောဂါအထူးကုဆရာဝန်ကြီးများနှင့် ပါမောက္ခများနှင့်သုတေသီများ တွေ့ဆုံ၍ ပူးပေါင်းဆောက်ရွက်ရေး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

## “ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း”

၂၀၁၂ ခုနှစ် ဇူလိုင် လ ၃၁ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Dr Kamini Mendis ဦးဆောင်သော မြန်မာနိုင်ငံ ငှက်ဖျား ရောဂါနှိမ်နင်းရေးစီမံချက် လေ့လာသုံးသပ်ရေးအဖွဲ့သည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြား ရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်၊ ညွှန်ကြားရေးမှူးများနှင့် ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာ စာကြည့်တိုက်အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံကြပါသည်။

   

ထို့နောက်ဧည့်သည်အဖွဲ့အားလူမှုဆေးပညာ သုတေသနအစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်၊ ညွှန်ကြားရေးမှူး ဒေါက်တာမြတ်ဘုန်းကျော် နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများမှ ငှက်ဖျားရောဂါနှိမ်နင်းရေး၏ လုပ်ဆောင် ချက်များကိုလည်းကောင်း၊ Health facility များ၊ House- hold survey များမှ တွေ့ရှိမှုအကျဉ်းချုပ်ကို လည်းကောင်း ရှင်းလင်းတင်ပြကြပါသည်။

## “ဂျပန်နိုင်ငံ ကြက်ခြေနီအသင်းမှ အမှုဆောင်အရာရှိနှင့်အဖွဲ့အားတွေ့ဆုံခြင်း”

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၇ရက် နေ့လည်၁၂:၄၅နာရီတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဂျပန်ကြက်ခြေနီအသင်းမှအမှုဆောင် အရာရှိ Prof. Kazuo Kawahara နှင့်အဖွဲ့သည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ရုံးခန်း၌ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်အား လာရောက်တွေ့ဆုံခဲ့ပါသည်။

  

ထိုသို့တွေ့ဆုံရာတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးများလည်း တက်ရောက်၍ မြန်မာနိုင်ငံရှိ သွေးလျူဘဏ်အကြောင်းနှင့် သွေးသွင်းမှုခံယူထားသောလူနာများ စိတ်ချလုံခြုံသော သွေးရရှိမှုအခြေအနေ၊ သွေးများသိုလှောင်ထားရှိမှုနှင့် သွေးသုတေသနများအကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။

## "ဂျပန်နိုင်ငံ မီယာဇာကီတက္ကသိုလ်မှ ဒုတိယဥက္ကဋ္ဌ နှင့် အဖွဲ့အား လက်ခံတွေ့ဆုံခြင်း"

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်နှင့် သက်ဆိုင်ရာညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများသည် ၂၀၁၂ ခုနှစ် ဩဂုတ်လ ၈ရက် နေ့လည် ၁:၃၀ နာရီတွင် ဂျပန်နိုင်ငံ မီယာဇာကီ တက္ကသိုလ်မှ ဒုတိယဥက္ကဋ္ဌ Dr. Masugi Maruyama ခေါင်းဆောင်သော အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

  

ထိုသို့တွေ့ဆုံရာတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ သုတေသနဌာနခွဲများနှင့် ပူးပေါင်းဆောင်ရွက်မည့် သုတေသနလုပ်ငန်းများအတွက် လိုအပ်သောအထောက်အပံ့အကူအညီများပေးအပ်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

## "OLIPRO, Malaysia မှ ကျွမ်းကျင်ပညာရှင်အဖွဲ့အားတွေ့ဆုံခြင်း"

၂၀၁၂ ခုနှစ် ဩဂုတ် လ ၃၀ ရက် နံနက် ၉:၃၀ နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေး ခန်းမ၌ ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်သည် မလေးရှားနိုင်ငံအော်လီပရိုဘိုင်အိုတက်ကုမ္ပဏီမှ Mr. Nelson ဦးဆောင်သောကျွမ်းကျင်ပညာရှင်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

   

ထိုသို့တွေ့ဆုံရာတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာ သုတေသီများ တက်ရောက်ကြ၍ ရောဂါရှာဖွေစမ်းသပ်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

## "ဂျပန်နိုင်ငံ နာဂါစကီ တက္ကသိုလ်မှ သုတေသနပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း"

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်သည် ၂၀၁၂ ခုနှစ် စက်တင်ဘာ လ ၂၅ ရက်နေ့ နံနက် ၈:၃၀နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာ စာကြည့်တိုက်ရှိအစည်းအဝေးခန်းမ၌ ဂျပန်နိုင်ငံ နာဂါစကီတက္ကသိုလ်မှ Dr. Masahiro Hashizume ဦးဆောင် သောအဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

   

ထို့နောက် ဧည့်သည်အဖွဲ့သည် ဇီဝဆေးပညာသုတေသန အစည်းအဝေးခန်းမ၌ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာခင်မေဦး၊ သက်ဆိုင်ရာသုတေသီပညာရှင်များနှင့် တွေ့ဆုံ၍ သုတေသနလုပ်ငန်းများဆောင်ရွက်ရန် ပဏာမဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

### “ထိုင်းနိုင်ငံ Mahidol တက္ကသိုလ်မှ ဧည့်သည်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခြင်း”

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်သည် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ နံနက် ၉:၃၀ နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဇဟိုဇီဝဆေးပညာ စာကြည့်တိုက်ဧည့်ခန်းမ၌ ထိုင်းနိုင်ငံ Mahidol တက္ကသိုလ်မှ Prof. Arunee Sabchareon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံခဲ့ပါသည်။ ထို့သို့တွေ့ဆုံရာတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မှ ဒုတိယညွှန်ကြား ရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများလည်းတက်ရောက်ကြပါသည်။












ထို့နောက် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မှ Scientific Group များနှင့်လည်း တွေ့ဆုံ၍ Future Collaboration Study အတွက် ၂ရက်တိုင်တိုင် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုအစည်းအဝေးမှတ်တမ်းကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် နှင့် Mahidol တက္ကသိုလ်တို့ သဘောတူ လက်မှတ်ရေးထိုးကြပါသည်။

## သုတေသနဆိုင်ရာဟောပြောပွဲများကျင်းပခြင်း

### “"Functional Identification and Development of Vivax Malaria Vaccine Antigens"

၂၀၁၂ ခုနှစ် ဇူလိုင် လ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဇဟိုဇီဝဆေးပညာ စာကြည့်တိုက် အစည်းအဝေးခန်းမ၌ Professor Eun-Taek Han, Department of Medical Environmental Biology and Tropical Medicine, School of Medicine, Kangwon National University





Republic of Korea သည် "Functional Identification and Development of Vivax Malaria Vaccine Antigens" ခေါင်းစဉ်ဖြင့် သုတေသနဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် ညွှန်ကြားရေးမှူး ဒေါက်တာ

မြတ်ဘုန်းကျော် မှ သဘာပတိအဖြစ် ဆောင်ရွက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ တပ်မတော်ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ စိတ်ပါဝင်စားသူသုတေသီပညာရှင်များ တက်ရောက်ကြ၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြပါသည်။

## "Updates on Use of Misoprostol in Management of Postpartum Haemorrhage"

၂၀၁၂ ခုနှစ် ဇူလိုင် လ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) Auditorium တွင် အမေရိကန်ပြည်ထောင်စုမှ Ms. Jennifer Blum, MPH, Director, Gynuity Health Project, New York သည် "Updates on Use of Misoprostol in Management of Postpartum Haemorrhage" ခေါင်းစဉ်ဖြင့် သုတေသနဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။






အဆိုပါဟောပြောပွဲတွင် သဘာပတိအဖြစ် ဒေါက်တာကက်သရင်းဘသိုက် (Area Manager for Asia and Pacific (Retired), Department of Reproductive Health and Research, WHO) က ဆောင်ရွက်ပြီး ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်၊ ညွှန်ကြားရေးမှူးများ၊ ဆရာဝန်ကြီးများနှင့် စိတ်ပါဝင်စားသူသုတေသီပညာရှင်များ တက်ရောက်ကြ၍ သိလိုသည်များကို ဝိုင်းဝန်းမေးမြန်းဆွေးနွေးခဲ့ကြပါသည်။

## "Hepatitis B Virus Expression Dependent on Metabolic Environment in Liver"

၂၀၁၂ခုနှစ် ဩဂုတ်လ ၁ ရက် မွန်းလွဲ ၂ နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဇဟိုဇီဝဆေးပညာစာကြည့်တိုက် အစည်းအဝေးခန်းမတွင် ကိုရီးယားသမ္မတနိုင်ငံမှ Prof. Jae Hun Cheong, Department of Molecular Biology Pusan National University သည် "Hepatitis B Virus Expression Dependent on Metabolic Environment in Liver" ခေါင်းစဉ်ဖြင့် သုတေသနဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။






အဆိုပါဟောပြောပွဲတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး (သုတေသန) ဒေါက်တာခင်မေဦးမှ သဘာပတိအဖြစ် ဆောင်ရွက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်နှင့် ညွှန်ကြားရေးမှူးများ၊ KOICA မှ တာဝန်ရှိသူများ၊ စိတ်ပါဝင်စားသူ သုတေသီပညာရှင်များ တက်ရောက်ခဲ့ကြပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးကြပါသည်။

## "Detection and Susceptibility Testing of *M. tuberculosis* in Resource-Limited Settings"

၂၀၁၂ ခုနှစ် ဩဂုတ်လ ၃ ရက် မွန်းလွဲ ၂ နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာ စာကြည့်တိုက်ရှိ Auditorium ခန်းမတွင် Prof. Chulhun Chang, Department of Laboratory Medicine and Molecular Genetics, Pusan National University, Yangsan Hospital, Republic of Korea သည် "Detection and Susceptibility Testing of *M. tuberculosis* in Resource-Limited Settings:" ခေါင်းစဉ်ဖြင့် သုတေသနဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။






အဆိုပါဟောပြောပွဲတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး (သုတေသန) ဒေါက်တာ လှိုင်မြတ်သူမှ သဘာပတိအဖြစ်ဆောင်ရွက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်နှင့် ညွှန်ကြားရေးမှူးများ၊ စိတ်ပါဝင်စားသူ သုတေသီပညာရှင်များ၊ KOICA မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး သိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ကြပါသည်။

## "Invasive Prompt Streptococcus Infections Induced by Superinfection with Influenzer A Virus in Mice" နှင့် "Molecular Epidemiology of Cholera"

၂၀၁၂ ခုနှစ် စက်တင်ဘာ လ ၁၂ရက် မွန်းလွဲ ၂ နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝ ဆေးပညာ စာကြည့်တိုက်ရှိ Auditorium ခန်းမတွင် ဂျပန်နိုင်ငံ Osaka University, Research Institute for Microbial Diseases မှ Professor, Dr. Shigeyuki Hamada သည် "Invasive Prompt Streptococcus Infections Induced by Superinfection with Influenzer A Virus in Mice" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Assistant Professor, Dr. Kazuhisa Okada သည် "Molecular epidemiology of Cholera" ခေါင်းစဉ်ဖြင့် လည်းကောင်း သုတေသန ဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။






အဆိုပါဟောပြောပွဲတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး (သုတေသန) ဒေါက်တာ လှိုင်မြတ်သူမှ သဘာပတိအဖြစ်ဆောင်ရွက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်နှင့် ညွှန်ကြားရေးမှူးများ၊ စိတ်ပါဝင်စားသူ သုတေသီပညာရှင်များ၊ KOICA မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး သိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ကြပါသည်။

## ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဝန်ထမ်း သား/သမီးများအား ပညာသင်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ပေးအပ်ပွဲ ကျင်းပခြင်း

၂၀၁၂ခုနှစ် ဇူလိုင်လ၂၆ရက် မွန်းလွဲ ၂:၃၀နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) လူမှုဆေးပညာသုတေသန အစည်းအဝေးခန်းမ၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဝန်ထမ်းသား/သမီးများအား ပညာသင်ထောက်ပံ့ငွေ နှင့် စာရေးကိရိယာများ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်း များနှင့် သား/သမီးများ တက်ရောက်ကြပါသည်။







အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကျော်မှ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်မှ အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမို့မို့ထွန်းမှ အလှူငွေကောက်ခံရရှိမှုနှင့် ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းဖတ်ကြားပါသည်။

ဆက်လက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက ဝန်ထမ်းသားသမီး ကျောင်းသား/ကျောင်းသူ ၉၂ ယောက်တို့အား ပညာသင်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနား ကျင်းပရေး အစည်းအဝေးကျင်းပခြင်း

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ နှစ်(၅၀)ပြည့်ရွှေရတုသဘင်အခမ်းအနားကျင်းပရေးအတွက်၂၀၁၂ခုနှစ် ဩဂုတ်လ ၁၄ရက် မွန်းလွဲ ၂:၀၀နာရီတွင် ဇီဝဆေးပညာသုတေသန အစည်းအဝေးခန်းမ၌ အကြိုညှိနှိုင်းအစည်း အဝေးကို ကျင်းပခဲ့ပါသည်။ အခမ်းအနားသို့ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ ဌာနခွဲမှူးများနှင့် ဖိတ်ကြား ထားသော ဂုဏ်ထမ်းဟောင်းများတက်ရောက်ကြပါသည်။






အခမ်းအနားတွင် ခေတ္တညွှန်ကြားရေးမှူးချုပ်မှ ၂၀၁၃ ခုနှစ် ဇွန် လ (၁၀) ရက်နေ့တွင် ကျရောက်မည့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို အနှစ်သာရရှိရှိဖြင့် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပနိုင်ရန် အစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပါသည်။ အခမ်းအနားသို့ တက်ရောက်လာကြသူများမှ အခမ်းအနားအစီအစဉ်၊ မဂ္ဂဇင်း၊ အထိမ်းအမှတ်ပစ္စည်းနှင့် ပျော်ပွဲရွှင်ပွဲ တို့ကို ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ကြပြီး မဂ္ဂဇင်းကော်မတီ၊ အထိမ်းအမှတ်ပစ္စည်းများပြုလုပ်ရေးကော်မတီ၊ အထိမ်းအမှတ်ကိစ္စအဝဝ

ပြုလုပ်ရေးကော်မတီ၊ သမိုင်းမှတ်တိုင်စာအုပ်ဖြစ်မြောက်ရေးကော်မတီ၊ ရန်ပုံငွေရှာဖွေခြင်း၊ ဘဏ္ဍာငွေထိန်းသိမ်းခြင်း ကော်မတီတို့ကို ဖွဲ့စည်းခဲ့ပါသည်။

## ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ၏ ဆဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲ အခမ်းအနား ကျင်းပခြင်း

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ ဆဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၂၀၁၂ ခုနှစ် ဩဂုတ် လ ၂၁ ရက် (၁၃၇၄ ခုနှစ် ဝါခေါင်လဆန်း ၄ ရက်နေ့)တွင် ဗဟိုဇီဝဆေးပညာစာကြည့်တိုက်အစည်းဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ အဆိုပါလှူဒါန်းပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံပါဠိ တက္ကသိုလ် ပဓာနနာယကဆရာတော် တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) အမှူးပြုသော ပင့်သံဃာတော်(၁၀)ပါးတို့ ကြွရောက်တော်မူကြပြီး ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ တက်ရောက်ကြည်ညိုကြပါသည်။






ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်ကြပါသည်။ ထို့နောက် ယောဆရာတော်ထံမှ ငါးပါးသီလခံယူကြပြီး၊ ဆရာတော်အရှင်သူမြတ် တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပါသည်။ ယင်းနောက် တိပိဋကယောဆရာတော်က "မြန်မာစိတ်ထား မြတ်တရား" ဟူသော တရားတော်မြတ်ကို ချီးမြှင့်ဟောကြားတော်မူပါသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များထံ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဧည့်ပရိသတ် များက ဝါဆိုသင်္ကန်း(၃၆)စုံနှင့် လှူဖွယ်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျဆက်ကပ်လှူဒါန်းကြပါသည်။ထို့နောက် နဝကမ္မ အလှူတော်ငွေ သုံးသိန်းရှစ်သောင်း ခြောက်ထောင်လေးရာ့ငါးဆယ်ကျပ်၊ ဓမ္မစာပေပြန့်ပွားရေး အလှူတော်ငွေ နှစ်သိန်း တစ်သောင်း သုံးထောင့်ခြောက်ရာ့ငါးဆယ်ကျပ်တို့ကို ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်မှ ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူး(စီမံ) ဒေါက်တာရဲတင့်လွင်မှ လက်ခံရယူပါသည်။

ယင်းနောက် ဆရာတော်ထံမှ ဆေးသုတေသနဦးစီးဌာနမိသားစု ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပါသည်။ ဆက်လက်၍ ဒေါက်တာရဲထွဋ်မှ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးကြဲပက်ဖြန်း၍ ဧည့်ပရိသတ်များက "ဗုဒ္ဓသာသနံ၊ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆို ဆုတောင်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

# (၄၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ အတွက် သုတေသနစာတမ်းတင်သွင်းမှုများ၊ ဆေးနှင့်ဆေးကရိယာပြခန်းများ၊ ပိုစတာပြခန်းများနှင့် ပညာရပ်ဆိုင်ရာဟောပြောပွဲများတွင် ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ခေါ်ခြင်း

## (၄၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ

(၇-၁-၂၀၁၃) ရက်မှ (၁၁-၁-၂၀၁၃) ရက်အထိ
ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)

ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် (၄၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံကို (၇-၁-၂၀၁၃) ရက် တနင်္လာနေ့မှ (၁၁-၁-၂၀၁၃) ရက် သောကြာနေ့အထိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် ကျင်းပရန် စီစဉ်ထားပါသည်။

ညီလာခံတွင် ကျန်းမာရေးသုတေသနစာတမ်းဖတ်ပွဲ၊ ကျန်းမာရေးသုတေသနပိုစတာပြပွဲနှင့် ကျန်းမာရေး ပညာရပ်ဆိုင်ရာ ဟောပြောပွဲများ ပါဝင်မည်ဖြစ်ရာ စိတ်ပါဝင်စားသူ ပြည်တွင်း ပြည်ပမှ ပညာရှင်များအား ဖိတ်ခေါ်အပ် ပါသည်။ သုတေသနစာတမ်း တင်သွင်းရန်အတွက် စာတမ်းအကျဉ်းကို (၂၆-၁၀-၂၀၁၂) ရက် နောက်ဆုံးထား၍ လည်းကောင်း၊ စာတမ်းအပြည့်အစုံကို (၃၀-၁၁.၂၀၁၂) ရက် နောက်ဆုံးထား၍ လည်းကောင်း ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) သို့ ပေးပို့နိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပ NGO အဖွဲ့အစည်းများ၊ ဆေးဝါးကုမ္ပဏီများ၊ ဓာတ်ခွဲခန်း ကရိယာ၊ ဓာတုပစ္စည်း တင်သွင်းသည့်ကုမ္ပဏီများနှင့် ပြည်တွင်း၊ ပြည်ပပုဂ္ဂလိက ဓာတ်ခွဲခန်းများ၊ ဆေးရုံများ၊ ဆေးခန်းများအားလည်း ဆေးပစ္စည်းကရိယာပြခန်းများ၊ ပိုစတာပြခန်းများနှင့် ပညာရပ်ဆိုင်ရာဟောပြောပွဲများတွင် ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(၄၁)ကြိမ်မြောက်မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ
ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)
အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ၁၁၁၉၁၊ ရန်ကုန်မြို့။

စာတမ်းတင်သွင်းမှုများနှင့် ဆေးပစ္စည်းကရိယာပြခန်းများ၊ ပိုစတာပြခန်းများအတွက် အသေးစိတ်သိလိုပါက အောက်ဖော်ပြပါ E-mail သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

E-mail: publicationdmr@gmail.com

Anniversary
Department of Medical Research
(Lower Myanmar)
Since 1963

## ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ နှစ် (၅၀) မြောက် (ရွှေရတု) အထိမ်းအမှတ် မဂ္ဂဇင်းစာအုပ်အတွက် စာမူများတောင်းခံခြင်း

၂၀၁၃ ခုနှစ် ဇွန် လ (၁၀) ရက်တွင် ကျရောက်မည့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ၏ နှစ်(၅၀)မြောက် (ရွှေရတု) အထိမ်းအမှတ် မဂ္ဂဇင်းစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေမည်ဖြစ်ပါ၍ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏အငြိမ်းစားဝန်ထမ်းများအနေဖြင့် မိမိတို့၏ဆောင်ရွက်ချက်များ၊ လုပ်ငန်းအတွေ့အကြုံများနှင့် ဗဟုသုတများကို ဓါတ်ပုံ၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ စာညွှန့်၊ ကာတွန်းများအဖြစ် ဖန်တီး၍ စာစောင်ထုတ်ပြန်ရေးဌာနခွဲသို့ ပေးပို့ကြပါရန်မေတ္တာရပ်ခံအပ်ပါသည်။

မှတ်ချက်- ပေးပို့ရာတွင် ဝန်ထမ်းအနေဖြင့် မိမိကိုယ်တိုင် ရိုက်ကူး၊ရေးသား၊ စပ်ဆို၊ ရေးဆွဲ ဖန်တီးထားပါကြောင်း၊ မည်သည့်စာနယ်ဇင်းသို့မျှ ပေးပို့ထားခြင်းမရှိပါကြောင်းနှင့် ၎င်းဖန်တီးမှုအတွက် မိမိမှ တာဝန်ယူပါကြောင်း ရေးသားဖော်ပြလက်မှတ်ရေးထိုးကာ ကွန်ပျူတာဖြင့် စာစီလျက် စီဒီနှင့်အတူစာရွက်တွင် ပုံနှိပ်၍ ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (ရှားပါး) ဓါတ်ပုံများကိုလည်း Scannerဖြင့် ကူးယူပြီးပါက မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်ပါမည်။

**ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)**
**(၅၀) နှစ် မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်**
**အခမ်းအနားကျင်းပရေးကော်မတီ**

## ဝမ်းနည်းကြောင်းမှတ်တမ်းတင်ခြင်း

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) တွင်၁၉၆၆ မှ ၂၀၀၁ခုနှစ်အထိတာဝန်ထမ်းဆောင်ခဲ့သော ဦးအောင်မြင့် ဌာနခွဲမှူး(အငြိမ်းစား) စာစောင်ထုတ်ပြန်ရေးဌာနခွဲ **(ရဟန်း၁၃၊ ဥက္ကဌ)** အသက်(၇၄)နှစ်သည် ၂၀-၉-၂၀၁၂ ရက်( ကြာသပတေးနေ့) ည ၉:၃၅ နာရီ တွင်သာကေတမြို့နယ် နေအိမ်တွင် ပျံလွန်တော်မူကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။



**ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အီလက်ထရောနစ်သတင်းလွှာ အယ်ဒီတာအဖွဲ့မှ ၂၀၁၁ ခုနှစ် ဇွန် လမှ စတင်၍ ၄ လလျှင် တစ်ကြိမ် စီစဉ်ဖြန့်ဝေပါသည်။**

*“ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဝန်ထမ်းများနှင့်အငြိမ်းစားဝန်ထမ်းများအတွက်သာ”*